# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 18, 2019 Volume 20, Number 12


| ၁၈.၆.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၄၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၈၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၃၁.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၈.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၈.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## နယ်စပ်ကုန်သွယ်ရေးဒေါ်လာ သန်း ၁၀၀၀ ပိုရထား

လက်ရှိဘဏ္ဍာနှစ် ရှစ်လအတွင်း နယ်စပ်ကုန်သွယ်မှုကနေ အမေရိကန်ဒေါ်လာ သန်း ၇၀၀၀ ကျော်ရရှိထားပြီး ပြီးခဲ့တဲ့နှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀၀ ကျော် ပိုမိုရရှိထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရပါတယ်။ သည်နှစ်နယ်စပ်ကုန်သွယ်ရေးမှာ ပို့ကုန်ပမာဏ ဒေါ်လာ သန်း ၅၀၀၀ ကျော်နဲ့ သွင်းကုန်က ဒေါ်လာသန်း ၂၀၀ နီးပါးသာရှိတဲ့အတွက် သွင်းကုန်ပမာဏကိုလည်း ကာလတူထက် ဒေါ်လာသန်း၄၀ ကျော် လျှော့ချနိုင်ခဲ့ပါတယ်။ ပို့ကုန်ပမာဏကတော့ ကာလတူထက် ဒေါ်လာ သန်း ၁၀၀၀ ကျော် ပိုမိုရရှိထားပါတယ်။

နယ်စပ်ကုန်သွယ်ရေးအနေနဲ့ အခုလို ကုန်သွယ်မှု ပိုမိုရရှိထားပေမဲ့ နယ်စပ်စခန်း ခုနစ်ခုဖြစ်တဲ့ မူဆယ်၊ လွယ်ဂျယ်၊ တာချီလိတ်၊ မြဝတီ ၊ မြိတ် ၊ မောင်တောနဲ့ ထန်တလန်တို့မှာတော့ ကုန်သွယ်မှုပမာဏ တွေက ကာလတူ ထက် လျော့ကျနေပါတယ်။ အခုလို လျော့ကျတာကတော့ သည်နယ်စပ် စခန်းတွေကနေ အဓိကကုန်သွယ်နေတဲ့နိုင်ငံတွေဖြစ်တဲ့ တရုတ် ၊ ဘင်္ဂလား ဒေ့ရှ်၊ ထိုင်းတို့ကြား ကုန်သွယ်ရေး အေးစက်နေလို့ ဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံအနေနဲ့ နယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်ရာမှာ တစ်ဖက်နိုင်ငံတွေဆီကို လယ်ယာထွက်ကုန်တွေ၊ အသားငါးတွေနဲ့ သစ်တောထွက်ပစ္စည်းတွေ ကို အဓိကတင်ပို့နေတာဖြစ်ပြီး သွင်းကုန်အနေနဲ့ကတော့ များသောအားဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကုန်ပစ္စည်းတွေဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ လက်ရှိအစိုးရလက်ထက်မှာ ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှာ ကုန်သွယ်လိုငွေကို တစ်ဘီလျံကျော်အထိ လျှော့ချထားနိုင်ခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-33875

## တရုတ်ကို ဆန်ကွဲပါ တရားဝင်တင်ပို့နိုင်ရေး ချိတ်ဆက်လုပ်ဆောင်နေ



မြန်မာ့ဆန်အပြင် ဆန်ကွဲကိုပါ တရုတ်နိုင်ငံကို တရားဝင်တင်ပို့နိုင်ဖို့ တရုတ် နိုင်ငံရှိအဖွဲ့(GACC) နဲ့ ချိတ်ဆက် ဆောင်ရွက်နေပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး က ၂၀၂၀ ခုနှစ်အထိ ရေးထိုးထားတဲ့ MoU မှာ ဆန်ကွဲကိုလဲ ထည့်သွင်းချုပ်ဆိုဖို့ စီစဉ်ထားတာရှိပါတယ်၊ ဆန်ကွဲက ကိုတာ မရှိတဲ့ အတွက် အမည်ထည့်သွင်းလိုက်တာနဲ့ တစ်ပြိုင်နက် ဒီဆန်ကွဲကို ကိုတာ အကန့်အသတ်မရှိဘဲ တရုတ်နိုင်ငံဘက်ကို တင်ပို့ရောင်းချနိုင်မယ့် အနေအထားဖြစ်ပါတယ်လို့ ပြောပါတယ်။

လက်ရှိမှာလည်းနိုင်ငံတကာ ဈေးကွက်မှာ မြန်မာဆန်ဈေးကွက်ဝေစုရရှိဖို့နဲ့ ကမ္ဘာ့ဈေးကွက်တိုးမြှင့် တင်ပို့ နိုင်ဖို့ ဆန်တင်ပို့မှုဆိုင်ရာ G to G agreement တွေ လက်မှတ်ရေးထိုးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေတယ်လို့ ဒုဝန်ကြီးက ဝန်ကြီးဌာနရဲ့ တတိယတစ်နှစ်တာ သတင်းစာရှင်းလင်း ပွဲမှာ ပြောကြားထားပါတယ်။ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံက ဆန်တွေကို အိုင်ဗရီကိုစ့်နိုင်ငံအာဏာပိုင် တွေက စားသုံးရန်မသင့်လို့ ကြေညာဖျက်ဆီးတဲ့ကိစ္စကြောင့် အာဖရိကကို တင်ပို့နေတဲ့ မြန်မာ့ဆန်ဈေးကွက် မထိခိုက်စေရေးနဲ့ ပြည်ပဆန် တင်ပို့ရေးလုပ်ငန်းတွေမှာ စနစ်တကျဖြစ်စေရေး စီစဉ်နေတယ်လို့သိရပါတယ်။

လက်ရှိအချိန်မှာ အိုင်ဗရီကိုစ့်နိုင်ငံကို ဆန်တန်ချိန် ၇၀,၀၀၀ ကျော် တင်ပို့ထားပြီး အခြား အာဖရိကနိုင်ငံတွေ ကိုလည်း ဆက်လက်တင်ပို့နေတယ်လို့သိရပါတယ်။

ဈေးကွက်သစ်အနေနဲ့ အခုဘဏ္ဍာနှစ်မှာ ဖိလစ်ပိုင်နိုင်ငံ NFA က ခေါ်ယူတဲ့ ဆန်တင်ဒါအောင်မြင်ခဲ့တာကြောင့် ဆန်တန်ချိန် ၁၀၀,၀၀၀ ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအနေနဲ့ မကြာသေးမီကာလအတွင်းက ရရှိခဲ့တဲ့ ဆန်ဈေးကွက်တစ်ခုဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-33876

## ဘဏ္ဍာနှစ်ရှစ်လတွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၅၀၀ ကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၃၄၀ ကျော် ရရှိခဲ့သော်လည်း တင်ပို့မှုလျော့ကျခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၆၀ ကျော်လျော့ကျ



လက်ရှိဘဏ္ဍာနှစ် ရှစ်လတွင် ပြည်ပသို့ကျောက်စိမ်းတန်ချိန် ၁၅၀၀ ကျော် တင်ပို့မှုမှ ဒေါ်လာသန်း ၃၄၀ ကျော်ရရှိခဲ့သော်လည်း တင်ပို့မှုလျော့ကျသဖြင့် ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၆၀ ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၃၁ ရက်အထိ ရှစ်လတွင် ပြည်ပသို့ကျောက်စိမ်းတန်ချိန် ၁၅၄၇ ဒသမ ၃၈၀ တန်တင်ပို့ထားပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၉၉၁ ဘီလျံ ရရှိထားသည်။

ယခင်နှစ်ကာလတူတွင် ကျောက်စိမ်းတန်ချိန် ၁၉၉၇ ဒသမ ၁၉၀ တန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၆၀၄ ဒသမ ၇၅၉ သန်းအထိ ရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ရှစ်လတွင် ပြည်ပသို့ ကျောက်စိမ်း တင်ပို့မှု တန်ချိန် ၄၅၀ ခန့် လျော့ကျခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၇၆၈ သန်း လျော့ကျခဲ့ခြင်းဖြစ်သည်။ သစ်တောထွက်ပစ္စည်းနှင့် သတ္တုတွင်းထွက်ပစ္စည်းများသည် နိုင်ငံသယံဇာတထွက်ကုန်များဖြစ်သည့်အတွက် ပြည်ပတင်ပို့မှုကိုကန့်ထားသည်။ ထို့ကြောင့် အဆိုပါကုန်ပစ္စည်းများမှတင်ပို့မှုသည် ယခင်နှစ်များထက် လျော့နေခြင်းဖြစ်ကြောင်းသိရသည်။ ကျောက်စိမ်းကို ပြပွဲများပြုလုပ်ပြီးရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းတင်ပို့မှုလျော့ကျခြင်းမှာလည်း ကျောက်စိမ်းပြပွဲများ ပြုလုပ်ခြင်းနှင့်လည်း သက်ဆိုင်ကြောင်းသိရသည်။ အဓိကကျောက်စိမ်းကတော့ ပြပွဲတွေနဲ့ဆိုင်တာပေါ့။ ပြပွဲလုပ်ပြီး ရောင်းတာဆိုတော့ ပြပွဲများများလုပ်လေ တင်ပို့မှုပိုလာတာ ပြပွဲလုပ်တာနည်းရင်လျော့တာပေါ့ဟု စီးပွားရေးနှင့်ကူးသန်း

ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ပြောကြားသည်။

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပွဲ တတိယနေ့ကို ပြီးခဲ့သည့် ဇွန် ၁၀ ရက်က နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ပြပွဲအခမ်းအနားတွင် ကျောက်စိမ်းအတွဲအမှတ် (၁) မှ အတွဲအ မှတ် (၁၀၅၀) အထိကို ဇွန် ၁၁ ရက်တွင်လည်းကောင်း၊ ကျောက် စိမ်းအတွဲအမှတ် (၁၀၅၁) မှ အတွဲ အမှတ် (၂၁၀၀) အထိကို ဇွန် ၁၂ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၂၁၀၁) မှ အတွဲအမှတ် (၃၁၀၈) အထိကို ဇွန် ၁၃ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။ ပြပွဲတွင် ရောင်းရငွေ တန်ဖိုးအပေါ် သတ်မှတ်ကောက်ခံမည့်အခွန်နှုန်းထားများမှာ အထူးကုန်စည်ခွန်အနေဖြင့် ကျောက်စိမ်းအရိုင်းများအတွက် ၁၅ ရာခိုင်နှုန်း၊ ကျောက်မျက်အရိုင်းများအတွက် ၁၀ ရာခိုင်နှုန်း၊ ကျောက်မျက်လက်ဝတ်ရတနာအချောထည်များအတွက် သုံးရာခိုင်နှုန်းနှင့်အချောထည်များအတွက် တစ်ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်သည်။

**Source:** BUSINESS

https://news-eleven.com/article/117033

## စပါးအထွက်နှုန်းကောင်းသော်လည်းဈေးကျ၍ တောင်သူများအခက်ကြုံ

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ ဒေသခံတောင်သူကြီးများသည် နွေစပါးအထွက်နှုန်းကောင်းမွန်သော်လည်း စပါးဈေးကျဆင်းနေသောကြောင့် တောင်သူများလုပ်ငန်းခွင်အခက်အခဲဖြစ်နေကြောင်းသိရသည်။ စပါးကအထွက်နှုန်း ကောင်းမွန်ပါတယ်။ ဒါပေမယ့် စပါးဈေးကွက်ကမကောင်းတော့ ကျွန်တော်တို့တောင်သူတွေအရှုံးပေါ်တာပေါ့။ အရင်နှစ်က စပါးတစ်တင်း ငါးထောင့်ရှစ်ရာကနေ ခြောက်ထောင်ကျော်ထိရောင်းခဲ့ရပြီး ကျွန်တော်တို့လယ်ထဲအထိ အရောက်လာဝယ် တာပါ။ ဒီနှစ်ကတော့ စပါးတစ်တင်း လေးထောင့်နှစ်ရာကနေ အခုလေးထောင်ငါးရာထိပဲရောင်းရပြီး စပါးရောင်းဝယ်ရေး ပွဲရုံအထိအရောက် ကိုယ့်စားရိတ်နဲ့ကိုယ်ပို့နေကြရတာပါဟု မြို့သစ်မြို့ကွက်သစ်ရပ်ကွက်မှ တောင်သူဦးလှမြင့်ကြည်က ပြောသည်။

တောင်သူများသည် နွေစပါးစိုက်ပျိုးမှုအတွက် အလုပ်သမားခ၊ စက်ခ၊ ထွန်ယက်စိုက်ပျိုးခ၊ ပျိုးနုတ်ခ၊ ဆေးမြေသြဇာ ထည့်ခအဖြစ် လယ်တစ်ဧကလျှင် ကုန်ကျစရိတ် ကျပ်သုံးသိန်းခွဲခန့် ကုန်ကျကြောင်းသိရသည်။ စပါးများရောင်းချရာတွင် တစ်တင်းလျှင် လေးထောင့်ငါးရာသာပြန်ရပြီး တစ်ဧကတင်း ၆၀ ဖြင့် တွက်ချက်ပါက တစ်ဧကအတွက် ကျပ်နှစ်သိန်း ခုနစ်သောင်းသာရရှိနေသောကြောင့် တောင်သူများ အရှုံးပေါ်နေကြောင်းသိရသည်။ အခုနှစ်နွေစပါး ရတနာတိုးပေါ့။ ခါတိုင်းနှစ်ကတော့ ငါးသိန်းသုံးသောင်းကနေ ခြောက်သိန်းသုံးသောင်းထိဖြစ်ခဲ့တယ်။ ဒီနှစ်စပါးဈေးဟာ လေးသိန်း သုံးသောင်းကနေ ၄ သိန်းခွဲဈေး လက်ရှိဈေးအရောင်းအဝယ်လုပ်တယ်။ ပြီးခဲ့နှစ်က တောင်သူလည်းအဆင်ပြေတယ်။ ကျွန်တော်တို့ အရောင်းအဝယ်လုပ်တဲ့ပွဲစားတွေလည်း အဆင်ပြေတယ်။ အခုနှစ်က စပါးဈေးက အောက်ဈေးမှာရောက်နေ တော့ တောင်သူတွေလည်း အကျပ်အတည်းတွေတွေ့တယ်။ ပွဲစားတွေလည်းမကိုက်ဘူးဟု မြို့သစ်မြို့၊ ဆန်စပါး ရောင်းဝယ် ရေးနှင့် ဆန်စက်လုပ်ငန်းရိတ်သိမ်းခြွေလှေ့စက်လုပ်ငန်းပိုင်ရှင် ဦးဇော်ဝင်းကဆိုသည်။

မြို့သစ်မြို့နယ်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမှုပြုနေသော မြို့နယ်တစ်ခုဖြစ်ပြီး စပါး၊ ပဲ၊ နှမ်းတို့ကိုသာ အထူးအလေးထားစိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်သည့် မြို့နယ်တစ်ခုဖြစ်သည်။ ထို့ကြောင့် တောင်သူများအနေဖြင့် လယ်စိုက်ရာတွင် အရှုံးပြနေသော်လည်း ဘိုးဘွားလက်ထက်ကတည်းက လယ်မြေတွင် စပါးစိုက်ပျိုး စားသောက်နေထိုင် လာသောကြောင့် မိုးရာသီ စပါးစိုက်ပျိုး ခြင်းကိုသာ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/57970

## မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေအသုံးပြုရန်ဆွေးနွေးလျက်ရှိ

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန်နှင့် နှစ်နိုင်ငံ ကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေအသုံးပြုနိုင်ရန်ကိစ္စရပ်များကို မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ သိရသည်။ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတည်ထောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေ (RMB) အသုံးပြုရန်ကိစ္စ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၏ ဦးစားပေးဝယ်သူ့ချေးငွေနှင့် သက်သာသောချေးငွေတို့ကို အသုံးပြုရေးကိစ္စ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား

ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့်စပ်လျဉ်း၍ အကျိုးရလဒ်များရရှိစေရန် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ်ဖွံ့ဖြိုးမှုအစီအစဉ်ကို ပူးတွဲအကောင်အထည်ဖော်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ကျောက်ဖြူရေနက် ဆိပ်ကမ်းနှင့်စက်မှုဇုန်စီမံကိန်း၊ ရထားလမ်း၊ အမြန်လမ်း၊ နိုင်ငံဖြတ်ကျော်ဓာတ်အားလိုင်းနှင့်အခြားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ–တရုတ်နယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ခြင်းနှင့်တည်နေရာသတ်မှတ်ခြင်းများ၊ နှစ်နိုင်ငံအကြား အစားထိုးသီးနှံစိုက်ပျိုးမှုတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ စသည်တို့ကိုဆွေးနွေးခဲ့ကြသည်။

မြန်မာ–တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံ၌လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် တရုတ်နိုင်ငံ၌လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာ–တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကို မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့၌ တည်ဆောက်ပြီး Core Zone၊ ပို့ကုန်သွင်းကုန်ပစ္စည်းများသိုလှောင်ရန် ကုန်လှောင်ရုံဧရိယာများအဖြစ် ဖွဲ့စည်းတည်ထောင်ရန် လျာထားကြောင်း မြန်မာ–တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

မူဆယ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရာတွင် မူဆယ် (ဟိုဆောင်)–ကျယ်ဂေါင်ကို Core Zone အဖြစ်လည်းကောင်း၊ ကြူကုတ်(ပန် ဆိုင်း)–ဝမ်တိန်–နွမ်းရင် (ကျိန်စိမ်းကျော့)– မန့်မန် (ရွှေလီ) တို့အား Export Product Manufacturing Processing and Warehouse Area များအဖြစ်လည်းကောင်း၊ ဆယ်လန့်(မန်ဟီးရိုး)–ဆယ်လင်းနှင့် နမ့်ခမ်း–နောင်တောင်းတို့ကို Import Processing and Warehouse Area များအဖြစ်လည်းကောင်း ဖွဲ့စည်းတည်ထောင်သွားရန် လျာထားကြောင်းနှင့် မြန်မာ–တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင်အကောင်အထည်ဖော်ခြင်းကိုလည်း နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြန်မာ–တရုတ် နယ်စပ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source:** https://news-eleven.com/article/117373

## ဂေါ်ဖီဈေးနှုန်းအတက်ကြမ်း၍ စားသောက်ဆိုင်အများစု ကြက်သွန်နီ၊ သဘော်သီးဖြင့် အစားထိုးရောင်းချလာကြ

အပူဒဏ်ပြင်းပြီးရေရှားသဖြင့် ဂေါ်ဖီစိုက်ပျိုးရာ အောင်ပန်းဒေသတွင် ဂေါ်ဖီစိုက်ပျိုးမှုလျော့ကျလာကာ ရန်ကုန်ဈေးကွက်သို့ ဇွန်ဒုတိယပတ်အတွင်း အောင်ပန်းဂေါ်ဖီဝင်ရောက်မှုနည်းလာသောကြောင့် ရန်ကုန်တွင် ဂေါ်ဖီဈေးနှုန်းများအတက်ကြမ်းလာကြောင်း လမ်းမတော်မြို့နယ် မော်တင်ဈေးရှေ့တွင် ဟင်းသီးဟင်းရွက်ရောင်းချနေသူ ကိုအောင်ထွန်းကပြောဆိုသည်။ တညင်းကုန်းဈေးအတွင်း ဂေါ်ဖီထုပ်အကြီး (နှစ်ပိဿာဝန်းကျင်) ကျပ် ၃၅၀၀ နှုန်းရှိသဖြင့် ပဲသုပ် ရောင်းချရာတွင် ဂေါ်ဖီအစားသဘော်သီးအစားထိုး၍ အသုံးပြုရောင်းချနေရသည်ဟု လမ်းမတော်စံပြရုံအနီး ပဲသုပ်တစ်ပွဲ ကျပ် ၅၀၀ ဖြင့် ရောင်းချနေသူ တညင်းကုန်းဈေးအနီးနေ ကိုအညာသားကပြောဆိုသည်။

ဂေါ်ဖီအသုံးများသော ကော်ပြန့်လိပ်ကြော်ရောင်းချရာတွင်လည်း ဂေါ်ဖီဈေးနှုန်း တစ်ဆဝန်းကျင် မြင့်တက်လာသဖြင့် လုပ်ငန်းရပ်ထားသည်မှာ သုံးရက်ရှိပြီဟု စားသောက်ဆိုင်များသို့ နံနက်ပိုင်းကော်ပြန့်လိပ်လိုက်ပို့နေသူ လမ်းမတော် ၉ လမ်းနေ ဦးဘိုတင်က ဇွန် ၁၅ ရက်နံနက်ပိုင်းက ပြောဆိုခဲ့သည်။ ခေါက်ဆွဲ၊ ကြာဆံကြော်များတွင် မဖြစ်မနေဂေါ်ဖီအသုံးပြုနေရသော်လည်း အချဉ် အဖြစ် ဂေါ်ဖီအစား ကြက်သွန်နီကိုသာပေးနေရသည်ဟု ကြာဆံကြော်ရောင်းသူ ဒေါ်ဖြူကလည်း ပြောဆိုသည်။ ဂေါ်ဖီအရွယ်အစားအလတ် (အလေးချိန် တစ်ပိဿာဝန်းကျင်) ကျပ် ၂၀၀၀၊ ၂၅၀၀ နှုန်းဖြင့် ဇွန် ၁၅ ရက်နံနက်ပိုင်း မော်တင်လမ်းဘေးဟင်းရွက်ဈေးတွင်ဝယ်ယူရသည်။ ယခင်ကဂေါ်ဖီတစ်စိတ် ကျပ် ၂၀၀၊ ၂၅၀ ရှိရာမှ ယခုရက်ပိုင်း ကျပ် ၅၀၀၊ ၆၀၀ အထိဈေးမြင့်ဝယ်ယူရသည်ဟု အိမ်ရှင်မတစ်ဦးကပြောဆိုသည်။

အောင်ပန်းဒေသထွက်ဂေါ်ဖီများ ရန်ကုန်ဈေးကွက်သို့ တစ်နှစ်ပတ်လည်ဝင်ရောက်ပြီး မြစ်ဝကျွန်းပေါ်ဒေသများသို့ ပေးပို့မှုများရှိသည်။ သို့သော် ကျောင်းကုန်း၊ ရေကြည်၊ ငါးသိုင်းချောင်းနယ်များတွင် မိုးရာသီအလွန် မတ်ပဲစိုက်ချိန် ဂေါ်ဖီစိုက်ပျိုးမှုရှိသည်ဟုကျောင်းကုန်းနေ ကိုသူရကပြောဆိုသည်။ သို့ဖြစ်ရာ ဆောင်းရာသီအလယ်လပိုင်းများတွင် ပုသိမ်ဈေးကွက်သို့ ရန်ကုန်မှဂေါ်ဖီတင်ပို့မှုနည်းသွားတတ်သည်ဟု ကုန်စိမ်းများ ပုသိမ်သို့တင်ပို့နေသည့် ကုန်စိမ်းကားဂိတ်မှူးလုပ်ကိုင်ခဲ့သူ ကိုသက်နိုင်ကပြောဆို သည်။

ဂေါ်ဖီဈေးနှုန်းသည် ရေရှားပြီးစိုက်ပျိုးမှုနည်း၍ အထွက်နှုန်းလျော့ကာ ဈေးနှုန်းအတက်ကြမ်းခဲ့သော်လည်း မေလအတွင်း မိုးရေရ၍ စိုက်ပျိုးမှုပြန်လည်များလာသဖြင့် ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်သို့အဝင်များလာပြီး ဈေးနှုန်းပြန်ကျနိုင်မည်ဟု အောင်ပန်းဒေသခံတစ်ဦးက သုံးသပ်ခဲ့သည်။ ဂေါ်ဖီသည် စိုက်ပျိုးပြီးနှစ်လဝန်းကျင်တွင် ဆွတ်ခူး၍ရသည်။ သို့သော်ပို့ကုန် ကားခနှုန်းများမှာ ယခင်ကကုန်တစ်ပိဿာလျှင် ရန်ကုန်သို့အဆင်း ကျပ် ၅၀ ဝန်းကျင်ရှိရာမှ ယခုလပိုင်းတွင် ပြောင်းတင်ပို့မှု များလာ၍ ကျပ် ၇၀၊ ၈၀ ဝန်းကျင်သို့ မြင့်တက်လာသည်ဟု အာလူးပွဲရုံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/124445.html

## နိုင်ငံခြားကုမ္ပဏီများ ဆန်နှင့်ဆန်ကွဲ တစ်ဆင့်ခံဝယ်ယူကာ ကန်ဒေါ်လာသုံးသန်းခန့် အာမခံထည့်ဝင်ရမည်

နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများအနေဖြင့် ဆန်နှင့်ဆန်ကွဲကို တစ်ဆင့်ခံဝယ်ယူကာ ပြည်ပသို့တင်ပို့မည် ဆိုပါက ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသုံးသန်းခန့်အား ပြည်တွင်းရှိဘဏ်၌ ထည့်ဝင်ပေးရမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးသောင်းဝင်းက ပြည်ပပို့တဲ့သူတွေအတွက်တော့ နည်းနည်းတော့ ထိခိုက်လာနိုင်တာပေါ့။ နိုင်ငံတကာက လာမယ်ဆိုရင် ငွေကြေးက သူတို့ဘဏ်တွေက အတိုးနှုန်းသက်သာတယ်။ အရင်းအနှီးလည်ပတ်ငွေပြည့်စုံတယ်။ ဒီမှာက ငွေကြေး မလုံလောက်တော့ မပြည့်စုံလို့ယှဉ်ပြိုင်တာ ခက်ခဲနိုင်တယ်ပေါ့။ အဓိကတော့ ကုန်သွယ်မှုပဲမဟုတ်ပဲ ရင်းနှီး မြှုပ်နှံမှုနဲ့ တွဲသင့်တာပေါ့။ ပြည်တွင်းက လုပ်ငန်းရှင်တွေကတော့ ဆန်စက်ဆောက်လုပ်ထားတာ၊ သိုလှောင်ရုံတွေ ဆောက်တာနဲ့ ရင်းနှီးထားကြရတာ။ သူတို့ကိုလည်း လိုအပ်တဲ့တည်ဆောက်မှုတွေလုပ်ရမှာပေါ့။ တစ်ဖက်မှာလည်း ကန်ဒေါ်လာ သုံးသန်း ထည့်ဝင်လာတော့ ရင်းနှီးမြှုပ်နှံမှုငွေ တိုးပွားလာတာပေါ့။ နောက်လယ်သမားတွေအတွက်လည်း ဈေးကောင်းရောင်းရတာပေါ့ဟုပြောသည်။

ထိုသို့ ထည့်ဝင်ထားမည်ဆိုပါက ငွေကြေးထည့်သွင်းထားကြောင်း အထောက်အထား၊ လုံလောက်သော သို လှောင်ရုံရှိကြောင်း အထောက်အထားများကိုလည်း တင်ပြရမည်ဖြစ်ကြောင်းသိရသည်။ ယှဉ်ပြိုင်မှုဥပဒေကိုလည်း ပြဋ္ဌာန်းပြီးတာကြာပါပြီ။ အငြင်းပွားစရာတွေ အများကြီးတော့ရှိနိုင်တယ်။ တစ်ချက်ကတော့လေ ကုန်သွယ်မှုဟာ free trade လိုမျိုးလုပ်ရင်း တဖြည်းဖြည်းနဲ့ နိုင်ငံတကာလိုင်းထဲကို ဝင်ရောက်လာဖို့ပါ။ ဒီလိုရောက်လာရင် ပို့ကုန်ရော၊ သွင်းကုန်ရော ယှဉ်ပြိုင်မှုတက်လာမှာပါ။ ကိုယ့်နိုင်ငံက လုပ်ငန်းရှင်တွေဟာ အတွေ့အကြုံအများကြီး အားနည်းနေ သေးတယ်။ ဒီမှာအစိုးရက နောက်ကနေ ရပ်တည်ပေးမှ လုပ်နိုင်မယ့်အနေအထားတွေရှိတာပေါ့။ ဒီပြိုင်မှုမရှိရင်လည်း တိုးတက်မှုမှာ နှေးကွေးနိုင်တယ်။ နိုင်ငံခြားကုမ္ပဏီတွေဝင်လာရင် ပေါင်းမလား၊ ပြောင်းမလားဆိုတာတော့ လုပ်ငန်းရှင်တွေ စဉ်းစားရမှာပေါ့ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီများကို ပြည်တွင်း၌ထုတ်လုပ်သည့် ကုန်ပစ္စည်းအုပ်စု (၇) မျိုးကို ထုတ်လုပ်သူထံမှ တစ်ဆင့်ဝယ်ယူကာ ပြည်ပတင်ပို့ခွင့်ကို ဇွန် ၆ ရက်နေ့က ထုတ်ပြန် ခွင့်ပြုလိုက်ပြီးဖြစ်သလို ဆန်စပါး၊ အသား၊ ငါး၊ အဆင့်မြှင့်တင် ပြုပြင်ထုတ်လုပ်ထား သည့် ကောက်ပဲသီးနှံများ၊ ပျော့ဖတ်၊ စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသည့်သတ္တုရိုင်းများ၊ သစ်သီးဝလံကုန်ကြမ်းမှ အဆင့်မြှင့်ထုတ်လုပ်ထားသည့် တစ်ဝက်ပျက် ကုန်ချော (သို့မဟုတ်) ကုန်ချောပစ္စည်းများ၊ သစ်အခြေခံပရိဘောဂပစ္စည်းလုပ်ငန်းများ ပါဝင်ကြောင်းသိရ သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2279621915456625?__tn__=K-R

## အိန္ဒိယကို ပဲစတင်တင်ပို့နေပြီး ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ကောင်း

အိန္ဒိယနိုင်ငံကို ဇွန်လ (၁၂) ရက်နေ့ကစပြီး မတ်ပဲနဲ့ ပဲစင်းငုံတို့ကို စတင်တင်ပို့နေပြီး အရင်အပတ်က ကွန်တိန်နာ (၅) စီးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ အခုရက်ပိုင်းအတွင်း ကွန်တိန်နာ (၃၅)လုံးအထိ အရောင်းအဝယ်ဖြစ်ကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်ကောင်းမွန်ခြင်းအပြင် ဈေးနှုန်းမှာလည်း အရင်အပတ် ကထက် အနည်းငယ်မြင့်တက်လာပြီး မတ်ပဲတစ်တန်ကို အရင်ကထက် ငါးထောင်ခန့်နဲ့ ပဲစင်းငုံတစ်တန်ကို ငါးထောင်ခန့် မြင့်တက်လာကြောင်း သိရပါတယ်။

သို့ပေမယ့် ဆိပ်ကမ်းအရောက်ပဲဈေးနှုန်းများ (FOB) ကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ (၁၀) ဒေါ်လာခန့် ကျဆင်းပြီး FOB ဈေးနဲ့ ပြည်တွင်းဈေးတို့မှာ အခုအပတ်အတွင်း အတက်အကျမငြိမ်သက်ကြောင်း ပဲကုန်သည်များက

ပြောကြားခဲ့ပါတယ်။ လက်ရှိပဲဈေးကွက်အတွင်း မတ်ပဲ (FAQ) တစ်တန်ကို ကျပ် (၈၆၀၀၀၀)၊ မတ်ပဲ (SQ) တစ်တန်ကို ကျပ် (၁၀၂၅၀၀၀)၊ ပဲစင်းငုံတစ်တန်ကို ကျပ် (၉၃၉၀၀၀) ဈေးရှိပြီး FOB ဈေးမှာတော့ မတ်ပဲ (FAQ) တစ်တန်ကို အမေရိကန်ဒေါ်လာ (၅၄၀-၅၆၀)၊ မတ်ပဲ (SQ) တစ်တန်ကို အမေရိကန်ဒေါ်လာ (၆၈၀-၇၀၀)၊ ပဲစင်းငုံတစ်တန်ကို အမေရိကန်ဒေါ်လာ (၇၀၀-၇၂၀) ဈေးရှိကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရပါတယ်။

**Source: The Voice**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2059-beans-export-import.html

## STOCK EXCHANGE (18.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 3,931 | 46,763,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,252 | 4,131,600 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,900 | 7,900 | 7,800 | 460 | 3,629,000 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 108 | 2,592,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,900 | -150 | -4.92% | 3,050 | 3,050 | 2,900 | 4,020 | 12,258,000 | 12,212,906 | 35,417 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 461.23 | +8.58 | +1.90% | 452.65 | 463.34 | 452.65 | 9,771 | 69,374,100 | 5 | 629,693 |

**Index chart**



# Market Overview

As of 11:00 am, 18th Jun. 2019

| MYANPIX | 453.41 ▲ 0.76 |
|---|---|
| Total Volume (shares) | 2,377 |
| Total Value (MMK) | 17 mil |
| Listed Company | 5 |
| Market Cap. (MMK) | 619,009 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |

TIR